Information Sheet

VOLUME XI, SPECIAL ISSUE 17 3 December 2021

	အကြောင်းအရာ	စာမျက်နှာ
၁	နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ (၁၀/၂၀၂၁) ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲတွင် ဗိုလ်ချုပ်ဧဝေမင်းထွန်း၏ ရှင်းလင်းပြောကြားချက်များမှ ကောက်နုတ်ချက်များ	၁-၁၁
၂	ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦး ရှင်းလင်းပြောကြားချက်များမှ ကောက်နုတ်ချက်များ	၁၂-၁၃
၃	နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့၏ (၁၀/၂၀၂၁) ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲအခမ်းအနားမှ အမေးအဖြေကောက်နုတ်ချက်များ	၁၄-၁၈

Information Sheet

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ (၁၀/၂၀၂၁) ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲတွင် ဗိုလ်ချုပ်ဇော်မင်းထွန်း၏ ရှင်းလင်းပြောကြားချက်များမှ ကောက်နုတ်ချက်များ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့၏ (၁၀/၂၀၂၁) ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲအခမ်းအနားကို နိုဝင်ဘာလ ၂၆ ရက်တွင် ပြန်ကြားရေးဝန်ကြီးဌာန၌ ကျင်းပပြုလုပ်ခဲ့ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်းနှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦးတို့က သတင်းမီဒီယာများ၏ သိရှိလိုသည့် မေးမြန်းမှုများကို ပြန်လည်ဖြေကြားခဲ့ပါသည်။

သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း ပြောကြားချက်များမှ ကောက်နုတ်ချက်များမှာ-

- မြန်မာနိုင်ငံသည် လွတ်လပ်ရေးရရှိသည့်အချိန်မှစ၍ ပါလီမန်ဒီမိုကရေစီခေတ် (၁၉၄၈-၁၉၆၂)၊ တော်လှန်ရေးကောင်စီခေတ်(၁၉၆၂-၁၉၇၁)တွင် မြန်မာနိုင်ငံခြားရေးမူဝါဒအနေဖြင့် “လွတ်လပ်၍ဘက်မလိုက်”သော မူဝါဒကို ချမှတ်ကျင့်သုံးခဲ့ပြီး ၁၉၇၁ ခုနှစ်ကစတင်ကာ “လွတ်လပ်၍တက်ကြွသော နိုင်ငံခြားရေးဝါဒ”သို့ အသွင်ပြောင်းလဲကျင့်သုံးလာခဲ့ကြောင်း။
- မြန်မာနိုင်ငံသည် ၁၉၉၇ ခုနှစ်၊ ဇူလိုင်လ ၂၃ ရက်တွင် (ASEAN) အဖွဲ့ဝင်နိုင်ငံအဖြစ် ဝင်ရောက်ခဲ့ပြီး အာဆီယံပဋိညာဉ်၊ အာဆီယံစိတ်ဓာတ်၊ အာဆီယံနည်းလမ်းများအတိုင်း လိုက်နာကျင့်သုံးနေထိုင်ခဲ့ကြောင်း။
- ၂၀၁၄ ခုနှစ်၌ အာဆီယံအလှည့်ကျဥက္ကဋ္ဌ တာဝန်ထမ်းဆောင်စဉ်ကာလတွင် အသင်းကြီး၏ ၂၀၁၅ ခုနှစ်အလွန် ရည်မှန်းချက်များဖြစ်သည့် အာဆီယံနိုင်ငံရေးနှင့် လုံခြုံရေးအသိုက်အဝန်း APSC ၊ အာဆီယံလူမှုရေးနှင့် ယဉ်ကျေးမှု အသိုက်အဝန်း AFCC ၊ အာဆီယံစီးပွားရေးအသိုက်အဝန်း AEC ထူထောင်ရေး လုပ်ငန်းစဉ်များကို အဖွဲ့ဝင်နိုင်ငံများနှင့်အတူ အောင်မြင်စွာပူးပေါင်းဆောင်ရွက်နိုင်ခဲ့ကြောင်း။
- ယခုအချိန်အခါတွင် အာဆီယံအဖွဲ့ဝင်နိုင်ငံများထဲမှ အချို့နိုင်ငံများ၏ မြန်မာနိုင်ငံအပေါ် အာဆီယံအစည်းအဝေးများတက်ရောက်ရေးကိစ္စအပါအဝင် ကိုယ်စားပြုမှု ဆိုင်ရာကိစ္စများနှင့် တူညီဆန္ဒမရှိဘဲ ဆောင်ရွက်ခဲ့မှုများသည် အာဆီယံ၏ ပဋိညာဉ်စာတမ်းနှင့် အခြေခံမူများမှာ ပြဋ္ဌာန်းထားမှုမရှိဘဲ အာဆီယံ၏ရည်ရွယ်ချက်များနှင့် ဆန့်ကျင်နေခြင်းကို တွေ့ရှိရသည့်အတွက် မြန်မာနိုင်ငံဘက်မှ ကန့်ကွက်ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနမှ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်ကြောင်း။
- မြန်မာနိုင်ငံသည် ၂၀၂၀-၂၀၂၁ ပညာသင်နှစ်တွင် ကိုဗစ်-၁၉ ရောဂါကြောင့် အခြေခံပညာကျောင်းများ ပိတ်ထားခဲ့ရပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရက ၂၀၂၁ ခုနှစ်၊ ဇွန်လ ၁ ရက်တွင် ၂၀၂၁-၂၀၂၂ ပညာသင်နှစ်အတွက်

အခြေခံပညာကျောင်းများကို တစ်ပြိုင်တည်း ပြန်လည်ဖွင့်လှစ်ခဲ့သော်လည်း ကိုဗစ်-၁၉ ရောဂါ တတိယလှိုင်းကြောင့် ဇူလိုင်လမှစ၍ ကျောင်းများထပ်မံပိတ်ထားခဲ့ရကြောင်း။

- ယနေ့အချိန်တွင် မိဘပြည်သူများ၏ ပူးပေါင်းဆောင်ရွက်မှုအားကောင်းလာခြင်း၊ ပိုးတွေ့ရှိမှုနှုန်းသိသာစွာကျဆင်းလာခြင်း၊ ကာကွယ်ဆေးထိုးနှံမှုများအား ဦးတည်အုပ်စု ၂၄ ခု သတ်မှတ်ထားသည့် ဦးစားပေးအစီအစဉ်အလိုက် အသက် ၁၂ နှစ်အထက် ကျောင်းသား၊ ကျောင်းသူပေါင်း ၁,၂၂၃,၀၅၄ ဦး (၁၂ သိန်းကျော်)ကို ပထမအကြိမ် ကာကွယ်ဆေးထိုးနှံပြီးစီးခြင်း၊ ဆေးထိုးနှံပြီးစီးမှု ၆၆ % ခန့်ရှိခြင်းတို့ကြောင့် နိုဝင်ဘာလ ၁ ရက်မှစ၍ အခြေခံပညာကျောင်းများကို ပြန်လည်ဖွင့်လှစ်ခဲ့ကြောင်း။
- အခြေခံပညာကျောင်းများတွင် ကျောင်းအပ်နှံသူ ၄,၇၇၂,၉၄၃ ဦး(၄၇ သိန်းကျော်) ရှိပြီး လက်ရှိအခြေအနေအထိ ကျောင်းတက်ရောက်သူ ၃,၃၁၃,၄၈၂ ဦး (၃၃ သိန်း ကျော်)ရှိခြင်းကြောင့် ကျောင်းတက်ရောက်မှုရာခိုင်နှုန်းအားဖြင့် ၇၀% ခန့် ရှိကြောင်း။
- မြန်မာနိုင်ငံတွင် ဖြစ်ပွားနေသည့် ကိုဗစ်-၁၉ ကပ်ရောဂါတတိယလှိုင်းတွင် အစိုးရ၊ ပြည်သူလူထု၊ လူမှုရေးအသင်းအဖွဲ့များနှင့် တပ်မတော်တို့ ပူးပေါင်း၍ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းစဉ်များကို ဆောင်ရွက်ခဲ့ရာ နိုဝင်ဘာလ နောက်ဆုံးပတ်အတွင်း ရောဂါပိုးကူးစက်မှုနှုန်းသည် ၂ ဒသမ ၃၅ ရာခိုင်နှုန်းထိ လျော့နည်းခဲ့သဖြင့် ရောဂါပိုးကူးစက်မှုအများဆုံးဖြစ်သည့် ဇူလိုင်လ ၂၃ ရက် ဆေးစစ်ခဲ့သူများ အနက် ၄၁ ရာခိုင်နှုန်း ပိုးတွေ့ရှိခဲ့ခြင်းနှင့်ယှဉ်လျှင် ပိုးတွေ့ရှိမှုနှုန်းသည် ၃၈ ဒသမ ၆၅ ရာခိုင်နှုန်းထိ သိသိသာသာလျော့ချနိုင်ခဲ့ကြောင်း။
- ကိုဗစ်ကာကွယ်ဆေးများရရှိမှုအနေဖြင့် ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ ၂၂ ရက်နေ့အထိ ကျန်းမာရေးဝန်ကြီးဌာနက ဝယ်ယူထားသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး စုစုပေါင်း ၃၁ သန်းကျော်နှင့် မိတ်ဆွေနိုင်ငံများက လှူဒါန်းလာသည့် ကာကွယ်ဆေး စုစုပေါင်း ၁၀ သန်းကျော်ရရှိပြီးဖြစ်ခြင်းကြောင့် စုစုပေါင်း ၄၁ သန်းကျော် ရရှိပြီး ဖြစ်ကြောင်း။
- ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုအနေဖြင့် နိုဝင်ဘာလ ၂၀ ရက်အထိ တစ် နိုင်ငံလုံးလူဦးရေ၏ စုစုပေါင်း ၁၅ ဒသမ ၃ သန်းကို ကာကွယ်ဆေး ထိုးနှံပေးခဲ့ပြီး ကာကွယ်ဆေးနှစ်ကြိမ်အပြည့်ထိုးနှံပြီးစီးသူ ၁၀ ဒသမ ၄ သန်း၊ ပထမအကြိမ် ထိုးနှံ ပြီးစီးသူ ၄ ဒသမ ၉ သန်း၊ ထိုးနှံပြီး ကာကွယ်ဆေး အကြိမ်ရေ စုစုပေါင်း ၂၅ ဒသမ ၈ သန်းကို ထိုးနှံပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း။
- ယခုလပိုင်းအတွင်း အကြမ်းဖက် NUG အဖွဲ့က လုပ်ခဲ့သည့် “Hit List” စာရင်းပေါ်ပေါက်ခဲ့သည်ကို မီဒီယာများသိပြီးဖြစ်သကဲ့သို့ ထုတ်ဖော်မပြောရဲအောင် ခြိမ်းခြောက်ခံရသူများလည်း အများအပြားရှိကြောင်း။
- အဆိုပါ စာရင်းအား ၎င်းတို့လုပ်ခြင်းမဟုတ်ဟုဆိုပြီး NUG အကြမ်းဖက်အဖွဲ့က လူများအသဲအသန် ငြင်းပြ၊ ရှင်းပြနေခြင်းကို တွေ့ရှိရပြီး ထိုသို့လုပ်ဆောင်ခြင်းများကို နိုင်ငံတကာအဖွဲ့နှင့် သံရုံးအချို့က နှုတ်ပိတ်နေသည်ကိုလည်း အံ့သြဖွယ်ရာတွေ့ရှိရကြောင်း။
- NUG အဖွဲ့က အဓိကလှုံ့ဆော်သူ ဆာဆာသည် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလအတွင်း ဆောင်ရွက်ခဲ့သည့် အမေရိကန်နိုင်ငံသားတစ်ဦး၏ အွန်လိုင်းအကြမ်းဖက်သင်တန်းတွင် တက်ရောက်အားပေးစကား ပြောခဲ့ကြောင်း။
- NUG အကြမ်းဖက်သမား ဇော်ဝေစိုးက “အိတ်သေးသေး လေးတွေသယ်လာရင် ဖွင့်မကြည့်ဖို့လိုတယ်၊ ဖွင့်ကြည့်ရင် ကိစ္စတုံးသွားမယ်၊ အစားအစာတွေလည်း အဆိပ်ခတ်ထားတယ်”ဟု ပြောကြားခဲ့သည့်ဗီဒီယိုဖိုင်သည် အကြမ်းဖက်လုပ်ငန်းများအတွက် ငြင်းမရသည့် သက်သေများဖြစ်ကြောင်း။
- NUG၊ PDF အမည်ခံအကြမ်းဖက်အဖွဲ့များ၏ ရက်ရက်စက်စက်သတ်ဖြတ်မှုကြောင့် ယခုနှစ်ဖေဖော်ဝါရီလ ၁ ရက်မှ နိုဝင်ဘာလ ၁၁ ရက်အထိ သံဃာတော် ၁၂ ပါးပျံလွန်တော်မူခဲ့ရပြီး နိုဝင်ဘာလ ၁၅ ရက်အထိ ပညာရေးဝန်ထမ်းဆရာ၊ ဆရာမ ၁၂ ဦးသေဆုံး၊ ၁၅ ဦးဒဏ်ရာရ၊ ကျန်းမာရေးဝန်ထမ်း ၃ ဦးသေဆုံး၊ ၈ ဦး ဒဏ်ရာရခဲ့ကြောင်း။
- နိုဝင်ဘာလ ၁၆ ရက်အထိ အုပ်ချုပ်ရေးပိုင်းဆိုင်ရာ တာဝန်ရှိသူ ၁၉၈ ဦးခန့်သေဆုံး၊ ၁၄၈ ဦးခန့်ဒဏ်ရာရ၊ အထွေထွေအုပ်ချုပ်ရေး၊ အကျဉ်းဦးစီး၊ နတလ၊ သစ်တော၊ လျှပ်စစ် စသည်ဖြင့် အခြားနိုင်ငံဝန်ထမ်း ၃၈ ဦးခန့်သေဆုံး၊ ၇၉ ဦးခန့် ဒဏ်ရာရခဲ့သဖြင့် အကြောင်းမဲ့ရက်စက်စွာ သတ်ဖြတ်ခံရသူစုစုပေါင်း ၂၄၈ ဦးခန့်နှင့် ထိခိုက်ဒဏ်ရာရရှိသူ ၂၂၇ ဦးခန့်ရှိပြီဖြစ်ကြောင်း။
- အကြမ်းဖက်သမားများ၏ မိုင်းထောင်ဖောက်ခွဲ၊ မီးရှို့ဖျက်ဆီးခံရမှုကြောင့် နိုဝင်ဘာလ ၁၅ ရက်အထိ စာသင်ကျောင်း

၄၄၄ ကျောင်းနှင့် ဆေးရုံ/ဆေးခန်းပေါင်း ၂၅ ခုခန့် ပျက်စီးဆုံးရှုံးခဲ့ရကြောင်းနှင့် နိုဝင်ဘာလ ၂၀ ရက်အထိ မြို့နယ် ၁၀ မြို့နယ်ရှိ ဈေး ၁၀ ခုမှ ဈေးဆိုင်ခန်းများ၊ လမ်း/တံတား စုစုပေါင်း ၃၉၇ ခု၊ နိုင်ငံပိုင်နှင့် ပုဂ္ဂလိကဘဏ် ၆၇ ခု မီးရှို့ဖောက်ခွဲဖျက်ဆီးခံခဲ့ရကြောင်း။

- ဖမ်းဆီးရမိ တရားခံ ဖြိုးဇေယျာသော်သည် NUG၊ CRPH အကြမ်းဖက်အဖွဲ့၏စေခိုင်းချက်အရ ရန်ကုန်တိုင်းဒေသကြီးအတွင်း အရှေ့ပိုင်းခရိုင် အကြမ်းဖက်အဖွဲ့၊ တောင်ပိုင်းခရိုင် အကြမ်းဖက်အဖွဲ့၊ မြောက်ပိုင်းခရိုင်အကြမ်းဖက်အဖွဲ့ နှင့် SOF အမည်ခံအကြမ်းဖက်အဖွဲ့ ၄ ခုကို ဖွဲ့စည်းခဲ့ပြီး မြို့နယ်အလိုက်အဖွဲ့ခွဲများကိုလည်း ဖွဲ့စည်းထားကာ အကြမ်းဖက်မှုများလုပ်ဆောင်ရန် ဧရိယာ ၇ ခု သတ်မှတ်ထားကြောင်း။
- ၎င်းကို ဖမ်းဆီးရမိပြီးနောက် စစ်ဆေးတွေ့ရှိချက်အရ ဖော်ထုတ်ဖမ်းဆီးရမိသည့် အကြမ်းဖက်လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူ စုစုပေါင်း ၂၉၃ ဦး၊ လက်နက်ငယ် မျိုးစုံ ၁၆၉ လက်၊ လက်လုပ်သေနတ် ၂၃၁ လက်၊ လက်လုပ်စိန်ပြောင်း ၆ လက်၊ ကျည်မျိုးစုံ ၂၀၀၀ ခန့်၊ ၄၀ မမ ဗုံးသီး ၄၃ လုံး၊ လက်လုပ်ဒုံးသီး/ဗုံးသီး ၁၇၅ လုံး၊ လက်ပစ်ဗုံး ၄၈ လုံး၊ မိုင်းမျိုးစုံ ၁၆ လုံး၊ လက်လုပ်မိုင်း ၁၀၉၉ လုံး နှင့် ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိခဲ့ကြောင်းနှင့် ထို အရာများသည် အန္တရာယ်အလွန်ကြီးမားသည့် ပမာဏဖြစ်ကြောင်း။
- အကြမ်းဖက်သမားများက လက်နက်များ ပို့ဆောင်ရာတွင် အစိုးရအနေဖြင့် အောက်ဆီဂျင်အိုးများ အချိန်မကြန့်ကြာစေရန် ကျယ်ကျယ်ပြန့်ပြန့်တင်သွင်းခွင့်ပေးခဲ့ခြင်းကို အခွင့်ကောင်းယူ၍ အောက်ဆီဂျင်အိုးထဲသို့ လက်နက်များသိုဝှက်သယ်ဆောင်ခြင်းများပြုလုပ်ခဲ့ခြင်းသည် မည်သို့ညစ်ပတ်စုတ်ပဲ့သည့် အကြံအစည်ဆိုသည်ကို တွေ့နိုင်ကြောင်း ပြောကြားခဲ့။
- နိုင်ငံတော်အစိုးရအနေဖြင့် ၂၀၁၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံခြားရေးမူဝါဒအတိုင်း ဆက်လက်လိုက်နာဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုနှုန်း သိသိသာသာကျဆင်းလာပြီး စာသင်ကျောင်းများပြန်လည်ဖွင့်လှစ်နိုင်ခြင်းသည် မိမိတို့အစိုးရ၏ ဆောင်ရွက်ချက်များဖြစ်ကြောင်း၊ ပြည်သူလူထုအနေဖြင့် တိုင်းပြည် အမြန်ဆုံးတည်ငြိမ်အေးချမ်းစေရန် အဓမ္မအကြမ်းဖက်သမားများကို ရပ်တည်၍မရသည်အထိ တိုက်ဖျက်သွားနိုင်ကြစေရေး မေတ္တာရပ်ခံလိုကြောင်း ပြောကြားခဲ့ပါသည်။

သတင်းစာရှင်းလင်းပွဲအပြည့်အစုံအား Myawady Web-portal (www.myawady.net.mm)နှင့် (www.moi.gov.mm) တွင် ဝင်ရောက်ဖတ်ရှုနိုင်ပါသည်။

(မြဝတီသတင်းစာ ၃-၁၂-၂၀၂၁)

- **မြန်မာနိုင်ငံသည် ၁၉၉၇ ခုနှစ်၊ ဇူလိုင်လ ၂၃ ရက်တွင် (ASEAN)ကို အဖွဲ့ဝင်နိုင်ငံအဖြစ် ဝင်ရောက်ခဲ့ပြီး အာဆီယံ ပဋိညာဉ်၊ အာဆီယံစိတ်ဓာတ်၊ အာဆီယံနည်းလမ်းများအတိုင်း လိုက်နာကျင့်သုံးနေထိုင်ခဲ့။**
- **ယနေ့အချိန်တွင် မိဘပြည်သူများ၏ ပူးပေါင်းဆောင်ရွက်မှုအားကောင်းလာခြင်း၊ ပိုးတွေ့ရှိမှုနှုန်းသိသာစွာ ကျဆင်းလာခြင်းတို့ကြောင့် နိုဝင်ဘာလ ၁ ရက်မှစ၍ အခြေခံပညာကျောင်းများကို ပြန်လည်ဖွင့်လှစ်ခဲ့။**
- **အခြေခံပညာကျောင်းများတွင် ကျောင်းအပ်နှံသူ ၄,၇၇၂,၉၄၃ ဦး (၄၇ သိန်းကျော်)ရှိပြီး လက်ရှိအခြေအနေအထိ ကျောင်းတက်ရောက်သူ ၃,၃၁၃,၄၈၂ ဦး (၃၃ သိန်း ကျော်)ရှိခြင်းကြောင့် ကျောင်းတက်မှု ရာခိုင်နှုန်းအားဖြင့် ၇၀% ခန့် ရှိ။**
- **အကြမ်းဖက်သမားများက လက်နက်များပို့ဆောင်ရာတွင် အစိုးရအနေဖြင့် အောက်ဆီဂျင်အိုးများ အချိန်မကြန့်ကြာစေရန် ကျယ်ကျယ်ပြန့်ပြန့် တင်သွင်းခွင့်ပေးခဲ့ခြင်းကို အခွင့်ကောင်းယူ၍ အောက်ဆီဂျင်အိုးထဲသို့ လက်နက်များသိုဝှက်သယ်ဆောင်ခြင်းများပြုလုပ်ခဲ့။**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ (၁၀/၂၀၂၁) ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲတွင် ရှင်းလင်းပြသခဲ့သည့် မှတ်တမ်းဓာတ်ပုံများ

KNLA တပ်မဟာ (၁ /၂)နယ်မြေအတွင်းရှိ အကြမ်းဖက် PDF စခန်းများအား သိမ်းဆည်းရမိမှု

KNLA တပ်မဟာ (၁ /၂)နယ်မြေအတွင်းရှိ အကြမ်းဖက် PDF စခန်းများအား သိမ်းဆည်းရမိမှု

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ (၁၀/၂၀၂၁) ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲတွင် ရှင်းလင်းပြသခဲ့သည့် မှတ်တမ်းဓာတ်ပုံများ



New Naratif မီဒီယာတွင် အွန်လိုင်းမှတဆင့် လက်လုပ်သေနတ်၊ လက်လုပ်ဗုံး ပြုလုပ်နည်း၊ အကြမ်းဖက်ဖောက်ခွဲနည်း သင်တန်းပေးနေမှု

NLD ပါတီ ထောက်ခံသူအချင်းချင်း ဒေသခေါင်းစဉ်တပ် စွပ်စွဲသတ်ဖြတ်ခံရမှု

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ (၁၀/၂၀၂၁) ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲတွင် ရှင်းလင်းပြသခဲ့သည့် မှတ်တမ်းဓာတ်ပုံများ



အကြမ်းဖက်အဖွဲ့များ၏ အကြောင်းမဲ့ရက်စက်စွာ သတ်ဖြတ်ခြင်းကြောင့် ရဟန်းသံဃာတော်များ ပျံလွန်တော်မူမှု

အကြမ်းဖက်အဖွဲ့များ၏ အကြောင်းမဲ့ရက်စက်စွာ သတ်ဖြတ်ခြင်းကြောင့် ပညာရေးဝန်ထမ်းများနှင့် ကျန်းမာရေးဝန်ထမ်းများ သေဆုံးမှု

အကြမ်းဖက်အဖွဲ့များ၏ အကြောင်းမဲ့ရက်စက်စွာ သတ်ဖြတ်ခြင်းကြောင့် အုပ်ချုပ်ရေးပိုင်းဆိုင်ရာ တာဝန်ရှိသူများ သေဆုံးမှု

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ (၁၀/၂၀၂၁) ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲတွင် ရှင်းလင်းပြသခဲ့သည့် မှတ်တမ်းဓာတ်ပုံများ

အကြမ်းဖက်အဖွဲ့များ၏ မိုင်းထောင်ဖောက်ခွဲ၊ မီးရှို့ဖျက်ဆီးမှုများကြောင့် စာသင်ကျောင်းများ ပျက်စီးဆုံးရှုံးမှု

အကြမ်းဖက်အဖွဲ့များ၏ မိုင်းထောင်ဖောက်ခွဲ၊ မီးရှို့ဖျက်ဆီးမှုများကြောင့် ဆေးရုံ/ဆေးခန်းများ ပျက်စီးဆုံးရှုံးမှု

အကြမ်းဖက်အဖွဲ့များ၏ မိုင်းထောင်ဖောက်ခွဲ၊ မီးရှို့ဖျက်ဆီးမှုများကြောင့် ဈေး၊ လမ်းနှင့် တံတားများ ပျက်စီးဆုံးရှုံးမှု

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ (၁၀/၂၀၂၁) ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲတွင် ရှင်းလင်းပြသခဲ့သည့် မှတ်တမ်းဓာတ်ပုံများ

ပုဂ္ဂလိကပိုင်ဘဏ်များအား ဆူပူအကြမ်းဖက်သောင်းကျန်းသူများမှ မီးရှို့/ဖောက်ခွဲဖျက်ဆီးမှု

နိုင်ငံပိုင်ဘဏ်များအား ဆူပူအကြမ်းဖက်သောင်းကျန်းသူများမှ မီးရှို့/ဖောက်ခွဲဖျက်ဆီးမှု

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ (၁၀/၂၀၂၁) ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲတွင် ရှင်းလင်းပြသခဲ့သည့် မှတ်တမ်းဓာတ်ပုံများ

အောက်ဆီဂျင်အိုးနှင့် ဂက်စ်အိုးများတွင် လက်နက်များသိုဝှက်ထားရှိမှု မှတ်တမ်းဓာတ်ပုံ

အောက်ဆီဂျင်အိုးနှင့် ဂက်စ်အိုးများတွင် လက်နက်များသိုဝှက်ထားရှိမှု မှတ်တမ်းဓာတ်ပုံ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ (၁၀/၂၀၂၁) ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲတွင် ရှင်းလင်းပြသခဲ့သည့် မှတ်တမ်းဓာတ်ပုံများ

PDF အကြမ်းဖက်သမားများ၏ လုံခြုံရေးဝန်ထမ်းများ၊ အုပ်ချုပ်ရေးမှူးများ၊ အပြစ်မဲ့ပြည်သူများအား လုပ်ကြံသတ်ဖြတ်ခြင်းနှင့် အများပြည်သူနှင့်သက်ဆိုင်သည့်နေရာများအား အကြမ်းဖက်ဖောက်ခွဲတိုက်ခိုက်ခဲ့မှုများ

တရားခံ မောင်ကျော်(ခ)ဖြိုးဇေယျာသော်မှ ငှားရမ်းပေးခဲ့သည့် ပြစ်မှုကျူးလွန်ခဲ့သော အကြမ်းဖက်သမားများနေထိုင်ခဲ့သည့် Safe House များ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ (၁၀/၂၀၂၁) ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲတွင် ရှင်းလင်းပြသခဲ့သည့် မှတ်တမ်းဓာတ်ပုံများ



တရားခံ မောင်ကျော်(ခ)ဖြိုးဇေယျာသော်နှင့်အတူ အကြမ်းဖက်ကျူးလွန်ခဲ့သူများထံမှ သိမ်းဆည်းရမိခဲ့သည့် လက်နက်/ခဲယမ်းများ

တရားခံ မောင်ကျော်(ခ)ဖြိုးဇေယျာသော်၏ ဖုန်းအတွင်းမှတွေ့ရှိရသည့် ဒေါ်အောင်ဆန်းစုကြည်နှင့် ရိုက်ကူးထားသည့် မှတ်တမ်းဓာတ်ပုံများ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦး ရှင်းလင်းပြောကြားချက်များမှ ကောက်နုတ်ချက်များ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦး ရှင်းလင်းပြောကြားချက်များမှ ကောက်နုတ်ချက်များမှာ-

- ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေနှင့် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ၊ နည်းဥပဒေများနှင့်အညီ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ ဦးဆောင်ပြီး သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များပါဝင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့များနှင့် နိုင်ငံရေးပါတီများ၏စာရင်းများကို သြဂုတ်လ စတုတ္ထပတ်ကစ၍ စစ်ဆေးခဲ့ရာ ၂၃-၈-၂၀၂၁ မှ ၁၅- ၁၀-၂၀၂၁ အထိ စစ်ဆေးပြီးသော နိုင်ငံရေးပါတီ ၃၄ ပါတီဖြစ်ပြီး လက်ရှိစစ်ဆေးဆဲပါတီ ၄ ပါတီရှိကြောင်း။
- လက်ရှိပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် နိုင်ငံရေးပါတီများ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလနှင့် မေလတို့တွင် တွေ့ဆုံညှိနှိုင်းအစည်းအဝေးပြုလုပ်ခဲ့ရာ မြန်မာနိုင်ငံနှင့် သင့်လျော်ကိုက်ညီသော PR စနစ်ကို ပြောင်းလဲကျင့်သုံးရန် နိုင်ငံရေးပါတီအများစုက မူအားဖြင့်သဘောတူညီခဲ့ပြီး ကျယ်ကျယ်ပြန့်ပြန့် ဆက်လက်ဆွေးနွေးနိုင်ရန် စာတမ်းများ တောင်းခံရရှိခဲ့ကြောင်း။
- ၅-၁၁-၂၀၂၁ ရက်နှင့် ၆-၁၁-၂၀၂၁ ရက်တို့တွင် ရန်ကုန်မြို့၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး၊ မင်္ဂလာခန်းမတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် နိုင်ငံရေးပါတီများ၊ စိတ်ပါဝင်စားသူများပါဝင်သော ရွေးကောက်ပွဲစနစ်ဆိုင်ရာ ဆွေးနွေးပွဲကျင်းပခဲ့ရာ နိုင်ငံရေးပါတီ ၅၃ ပါတီမှ ကိုယ်စားလှယ်များနှင့် စိတ်ပါဝင်စားသူ အရပ်ဘက်ကိုယ်စားလှယ် ၁၁၃ ဦး တက်ရောက်ခဲ့ကြောင်း။
- ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ရွေးကောက်ပွဲလုပ်ငန်းစဉ်များ မဲမသမာမှုများနှင့် တရားမဲ့ပြုကျင့်မှုဖြစ်စဉ်များတွင် ကျူးလွန်ပါဝင်ပတ်သက်ဆောင်ရွက်ခဲ့ကြသည့် နိုင်ငံတော်သမ္မတဟောင်း ဦးဝင်းမြင့်၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ဟောင်း ဒေါ်အောင်ဆန်းစုကြည်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌဟောင်း ဦးလှသိန်း၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ဝန်ကြီးဟောင်း ဦးမင်းသူ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်ဟောင်းများဖြစ်ကြသော ဦးမြင့်နိုင်နှင့် ဦးသန်းဌေး၊ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ဟောင်း ဒေါက်တာဇော်မြင့်မောင်နှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌဟောင်း ဒေါက်တာ မျိုးအောင်အပါအဝင် ၁၆ ဦးတို့ကို ၎င်းတို့ကျူးလွန်ခဲ့မှုများအရ တည်ဆဲဥပဒေများနှင့်အညီ သက်ဆိုင်ရာ မြို့နယ်တရားရုံးများ၌ ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ ၁၅ ရက်မှစ၍ တရားစွဲဆို အရေးယူဆောင်ရွက်လျက်ရှိကြောင်း။
- ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် အသုံးပြုခဲ့သည့်

မဲဆန္ဒရှင်စာရင်းများကို စစ်ဆေးခဲ့ရာ မဲမသမာမှုဖြစ်နိုင်သော မဲစာရင်း ၁၁ ဒသမ ၃ သန်းကျော်ကို တွေ့ရှိခဲ့ကြောင်း။

- ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ယခင်ကျင်းပပြုလုပ်ခဲ့သော ရွေးကောက်ပွဲများ၏ အားနည်းချက်များကိုသုံးသပ်ပြီး နောင်ကျင်းပမည့် ရွေးကောက်ပွဲများကို ပိုမိုကောင်းမွန်အဆင်ပြေအောင် ကျင်းပနိုင်ရန် ဥပဒေမူဘောင်အရ လိုအပ်သည်များကို ပြင်ဆင်၊ ဖြည့်စွက်နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း။
- လွတ်တော်ရွေးကောက်ပွဲများတွင် မြန်မာနိုင်ငံနှင့် ကိုက်ညီသင့်လျော်သည့် အချိုးကျကိုယ်စားပြုစနစ် (PR) ပြောင်းလဲကျင့်သုံးပါက သက်ဆိုင်ရာ ရွေးကောက်ပွဲဥပဒေများကို လိုက်လျောညီထွေပြင်ဆင်နိုင်ရေးကိုလည်း ဆောင်ရွက်ထားရှိပြီးဖြစ်ကြောင်း။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ရှေ့လုပ်ငန်းစဉ် ၅ ရပ်အနက် လုပ်ငန်းစဉ်(၅)ဖြစ်သည့် အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပရေးအတွက် သက်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများကို သုံးသပ်၊ ပြင်ဆင်၊ ပြဋ္ဌာန်းနိုင်ရေးဆောင်ရွက်ခြင်းများ၊ အခြေခံမဲစာရင်း ပြုစုခြင်းများကို အလေးထားဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားခဲ့ပါသည်။

သတင်းစာရှင်းလင်းပွဲအပြည့်အစုံအား Myawady Web-portal (www.myawady.net.mm) နှင့် (www.moi.gov.mm) တွင် ဝင်ရောက်ဖတ်ရှုနိုင်ပါသည်။

(မြဝတီသတင်းစာ ၃-၁၂-၂၀၂၁)

- **ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် နိုင်ငံရေးပါတီများ၏ စာရင်းများကို သြဂုတ်လ စတုတ္ထပတ်ကစ၍ စစ်ဆေးခဲ့ရာ ၂၃-၈-၂၀၂၁ မှ ၁၅-၁၀-၂၀၂၁ အထိ စစ်ဆေးပြီးသော နိုင်ငံရေးပါတီ ၃၄ ပါတီဖြစ်ပြီး လက်ရှိစစ်ဆေးဆဲပါတီ ၄ ပါတီရှိ။**
- **ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် အသုံးပြုခဲ့သည့် မဲဆန္ဒရှင်စာရင်းများကို စစ်ဆေးခဲ့ရာ မဲမသမာမှုဖြစ်နိုင်သော မဲစာရင်း ၁၁ ဒသမ ၃ သန်းကျော်ကို တွေ့ရှိခဲ့။**
- **လွတ်တော်ရွေးကောက်ပွဲများတွင် မြန်မာနိုင်ငံနှင့် ကိုက်ညီသင့်လျော်သည့် အချိုးကျကိုယ်စားပြုစနစ် (PR) ပြောင်းလဲကျင့်သုံးပါက သက်ဆိုင်ရာရွေးကောက်ပွဲဥပဒေများကို လိုက်လျောညီထွေပြင်ဆင်နိုင်ရေးကိုလည်း ဆောင်ရွက်ထားရှိပြီးဖြစ်။**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့၏ (၁၀/၂၀၂၁) ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲအခမ်းအနားမှ အမေးအဖြေကောက်နုတ်ချက်များ

၂၀၁၀ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အထိ အထွေထွေရွေးကောက်ပွဲနှင့် ကြားဖြတ်ရွေးကောက်ပွဲများတွင် မှတ်ပုံတင်မရှိ၍ မဲပေးခွင့်ဆုံးရှုံးခဲ့သည့် ပြည်သူများစွာရှိခဲ့ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ ပြုလုပ်ပေးမည့်ရွေးကောက်ပွဲတွင် UEC အနေဖြင့် မည်သို့ဖြေရှင်းသွားမည်ကို သိလိုကြောင်းမေးမြန်းချက်ကို-

NHP သတင်းဌာနမှ အယ်ဒီတာချုပ် ဦးဝင်းဦး

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦးက-

- ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် ဆန္ဒမဲပေးရာ၌ မဲမသမာမှုဖြစ်နိုင်သည့် မဲဆန္ဒရှင် ၁၁ ဒသမ ၃ သန်းခန့်ရှိပြီး ထိုအထဲတွင် မှတ်ပုံတင်မရှိသူ ၄ သန်း ၈ သိန်းခန့်ရှိကြောင်း၊ နောင်ကျင်းပမည့်ရွေးကောက်ပွဲများတွင် ထိုသို့မဲမသမာမှုမပါရှိစေရန် မဲဆန္ဒရှင်များသည် မှတ်ပုံတင်ရှိရမည်၊ နိုင်ငံသား၊ ဧည့်နိုင်ငံသားနှင့် နိုင်ငံသားပြုခွင့်ရကြောင်းကို ခိုင်လုံစေသည့် မှတ်ပုံတင်ပါရှိရမည်၊ သက်ဆိုင်ရာဒေသတွင်လည်း နေထိုင်သူဖြစ်ရမည်ဆိုသည့် ဥပဒေမူကြမ်းကိုလည်း ရေးဆွဲထားကြောင်း။
- လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနကလည်း ပန်းခင်းစီမံချက်ဖြင့် မှတ်ပုံတင်များအမြန်ရရှိစေရေး ဆောင်ရွက်နေပါကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင် မှတ်ပုံတင်လိုအပ်နေသည့်သူများကို ဌာနဆိုင်ရာနှင့်နိုင်ငံတော်က ဆောင်ရွက်ပေးနေသကဲ့သို့ ကာယကံရှင်များကိုယ်တိုင်ကလည်း မိမိ၏မှတ်ပုံတင်ရရှိရန် ကိုယ်တိုင်ကြိုးစားအားထုတ်ဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း၊ ထိုကဲ့သို့ နှစ်ဦးနှစ်ဖက်ပူးပေါင်းဆောင်ရွက်မည်ဆိုပါက ယခုကိစ္စအားလုံးအဆင်ပြေသွားလိမ့်မည်ဟု ထင်မိပါကြောင်း ပြန်လည်ဖြေကြားခဲ့။

PR စနစ်ကိုကျင့်သုံးမည်ဆိုပါက အဆိုပါ PR စနစ်မှာ အများအပြားရှိပြီး လွန်စွာကျယ်ပြန့်ပါကြောင်း၊ မြန်မာနိုင်ငံ၏ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ သွားရမည်ဖြစ်သဖြင့် မဲဆန္ဒနယ်မြေကို ကိုယ်စားပြုသည့် PR စနစ်ကို ကျင့်သုံးမည်လား၊ Parliment Access ဆိုသည့် ကိုယ်စားပြုသည့်စနစ်ကို ကျင့်သုံးမည်လား၊ ထိုသို့ကျင့်သုံးမည်ဆိုပါက တိုင်းရင်းသားများ၏အခွင့်အရေး မည်မျှရရှိနိုင်မည်ဟု သိလိုကြောင်း၊ လက်ရှိ ရွေးကောက်ပွဲကော်မရှင်အနေဖြင့် ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့က တင်ပြလာသည့် အစီရင်ခံစာများအပေါ် ဖတ်ရှုလေ့လာပြီး ၎င်းတို့၏ တင်ပြချက်များ မှန်/မမှန် နှင့် အားနည်း

ချက်၊ အားသာချက်များကို သုံးသပ်မှုများ ပြုလုပ်ခဲ့ခြင်း ရှိ/မရှိ သိလိုကြောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းကို မည်သည့်ဥပဒေနှင့် တရားစွဲထားသည်ကို သိလိုကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် နောက်ကြောင်းမပြန်ရဟူသည့် ဥပဒေလည်းရှိသဖြင့် ယခုကဲ့သို့အခြေအနေမျိုး နောင်အလားတူဖြစ်ပေါ်လာပါက လက်ရှိသတင်းနှင့် ပြန်ကြားရေးလုပ်ဆောင်နေသော ကော်မရှင်အဖွဲ့ဝင်ဖြစ်သည့် ဦးခင်မောင်ဦးနှင့်ကော်မရှင်မှတာဝန်ရှိသူများအနေဖြင့်လည်း နောက်လူများက ထိုသို့လုပ်ဆောင်မည်ဆိုသည့် စိုးရိမ်စိတ်များဖြစ်ပေါ်လာနိုင်သဖြင့် မိမိတို့နိုင်ငံအတွက်လည်း မကောင်းသည့် အတိတ်နိမိတ်ဖြစ်ရာ မည်ကဲ့သို့ ပြင်ဆင်ဆောင်ရွက်ထားသည်ကို သိလိုကြောင်းမေးမြန်းချက်ကို-

တဲ့ပြောအွန်လိုင်းမီဒီယာနှင့် သတင်းအေဂျင်စီမှ အယ်ဒီတာချုပ် ဇော်မင်းဦး

ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦးက-

- PR စနစ်၏သဘောကို အစောပိုင်းက Presentation ဖြင့် မိမိတင်ပြခဲ့သည်ကို ကြည့်ခြင်းအားဖြင့် တိုင်းရင်းသားလူမျိုးများအတွက် ပို၍အကျိုးများသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ မဲများကိုအချိုးကျရရှိမည်ဖြစ်ပြီး မဲများမဆုံးရှုံးသဖြင့် တိုင်းရင်းသားဒေသများနှင့် အားလုံးအတွက် အကျိုးများမည်ဖြစ်ကြောင်း၊ PR စနစ်တွင် မျှမျှတတဖြင့် ကိုယ်စားလှယ်များရရှိမည်ဖြစ်သဖြင့် တိုင်းရင်းသားများအတွက် ပို၍အကျိုးများမည်ဖြစ်ကြောင်း၊ PR စနစ်ကိုသွားသည့်အချိန်တွင် PR စနစ်၏သဘောတရားအရ မဲဆန္ဒနယ်မြေကို ကျယ်ကျယ်ပြန့်ပြန့်သတ်မှတ်၍ရသည့်မဲအတိုင်း အချိုးကျခံစားသည့်သဘောမှာ PR စနစ်၏ အခြေခံသဘောတရားဖြစ်ကြောင်း။
- အဆိုပါစနစ်တွင် စနစ်အမျိုးအစားအများအပြားရှိသော်လည်း List PR စနစ်ကို အများဆုံးကျင့်သုံးကြသည်ကို တွေ့ရကြောင်း၊ ထိုစနစ်တွင်လည်း Close List နှင့် Open List ဟူ၍နှစ်မျိုးရှိပြီး မိမိတို့အနေဖြင့် နောက်တစ်လနှစ်လခန့်အထိ ထပ်မံဆွေးနွေးသွားမည်ဖြစ်ကြောင်း၊ ဆွေးနွေးပြီးပါက တိတိကျကျဖြေကြားပေးနိုင်မည်ဖြစ်ကြောင်း။
- ရွေးကောက်ပွဲတွင် တာဝန်ရှိသူအသီးသီးကို အရေးယူဆောင်ရွက်မှုနှင့်ပတ်သက်၍ ဥပဒေတွင် ပုံမှန်အရ မိမိ၏လုပ်ငန်းတာဝန်ကို ထမ်းဆောင်သည့်အချိန်တွင် သဘောရိုးဖြင့် မှန်မှန်ကန်ကန်လုပ်ဆောင်သည့်ကိစ္စများကို Immunity ပေးထားသည်ဆိုသည့်ကိစ္စကို ယခင်ကလည်း ဖြေကြားခဲ့ပြီးဖြစ်ကြောင်း။
- အကယ်၍ တရားစွဲဆိုခံရသော်လည်း ၎င်းပုဂ္ဂိုလ်အနေဖြင့် ပြန်လည်၍ ခုခံချေပပိုင်ခွင့်ရှိပြီး မှန်မှန်ကန်ကန်လုပ်ဆောင်ထားသည်၊ သဘောရိုးဖြင့်ဆောင်ရွက်ထားသည်ဆိုပါက ဥပဒေအရ အရေးယူမည်မဟုတ်သော်လည်း လုပ်ပိုင်ခွင့်ကို အကြောင်းပြု၍ အစောပိုင်းက မိမိဖတ်ကြားခဲ့သည့် ပြစ်မှုဆိုင်ရာအကြောင်းအရာများကို ကျူးလွန်မည်ဆိုပါက မည်သူမဆို အရေးယူခံရနိုင်ပါကြောင်း ပြန်လည်ဖြေကြားခဲ့။

NLD အစိုးရလက်ထက်တွင် တင်ဒါလုပ်ငန်းများသည် မူဝါဒအလွဲအမှားများနှင့် အောက်ခြေစီမံခန့်ခွဲမှုညံ့ဖျင်းမှုကြောင့် တင်ဒါထွက်သည့် လုပ်ငန်းရှင်များမှာ အခက်အခဲများကြုံတွေ့နေရကြောင်း၊ PAE နှုန်းထားများနိမ့်ချပြီး QC အလွန်အမင်းစစ်ဆေးသဖြင့် ထိခိုက်နစ်နာဆုံးရှုံးမှုများ များစွာတွေ့ခဲ့ရကြောင်း၊ ထိုအခက်အခဲများကြုံတွေ့ရသည့်အပြင် လတ်တလောဘဏ္ဍာလုပ်ငန်းများကြောင့် နှောင့်နှေးမှုများစွာ ကြုံတွေ့နေရကြောင်း၊ လေဘာအခက်အခဲများ၊ အရောင်းဝယ်လုပ်၍ ငွေချေရာတွင် အခက်အခဲများ များစွာတွေ့ရကြောင်း၊ ထိုကိစ္စနှင့်ပတ်သက်ပြီး ယခုလက်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရလက်

VOM သတင်းဌာနမှ သတင်းထောက်ဦးမောင်မောင်ထွန်း

ထက်တွင် တင်ဒါလုပ်ငန်းများ အဆင်ပြေချောမွေ့အောင် လုပ်ဆောင်ရန် အစီအစဉ်ရှိ/မရှိ သိလိုကြောင်း မေးမြန်းချက်ကို-

- **ဗိုလ်ချုပ် ဇော်မင်းထွန်းက** တင်ဒါလုပ်ငန်းနှင့်ပတ်သက်ပြီး ကြုံတွေ့ရသည့် အခက်အခဲကိုသိရှိကြောင်း၊ အဓိကကြုံတွေ့ရသည့် အခက်အခဲများမှာ ဘဏ်လုပ်ငန်းစနစ်များနှင့် တင်ဒါခေါ်ထားပြီး ပြည်ပမှတင်သွင်းသည့်အခက်အခဲများ ကြုံတွေ့နေရခြင်းများဖြစ်ကြောင်း။
- ငွေရေးကြေးရေးစီးမြင့်သွားမှုကြောင့် ယခင်က တင်ဒါခေါ်ယူသည့် စျေးနှုန်းနှင့် မကိုက်ညီသည့် အဖြစ်မျိုးရှိကြောင်း၊ အပိုင်း ၂ ပိုင်းနှင့် ဖြေရှင်းဆောင်ရွက်နေကြောင်း၊ နံပါတ်(တစ်)အပိုင်းမှာ ပစ္စည်းတင်သွင်းသည့်အပိုင်းဖြစ်ကြောင်း၊ ပစ္စည်းတင်သွင်းသည့်အပိုင်းမှာ အဓိကအားဖြင့် ကုန်းလမ်းထက် ဆိပ်ကမ်းမှ ပစ္စည်းတင်ပို့ခြင်း ပိုများသည်ဟုသိရှိရကြောင်း၊ ဆိပ်ကမ်း၌ရောက်ရှိသည့် ပစ္စည်းများနှင့်ပတ်သက်၍ ကြန့်ကြာမှုမရှိစေရန် ဆောင်ရွက်လျက်ရှိကြောင်း။
- အခက်အခဲတစ်ခုမှာ မြန်မာနိုင်ငံကို ဝင်ရောက်လာသည့် ကုန်သည်ကြီးများရှိကြောင်း၊ ကုန်သည်ကြီးဝင်ရောက်မှုနှင့် တစ်ချို့တစ်ကမ္ဘာလုံး၌ ဖြစ်ပျက်နေသည့် ကွန်တိန်နာများ ရှားပါးမှု ကြုံတွေ့နေဆဲဖြစ်ကြောင်း၊ ၎င်းကိုလည်း ဖြေရှင်းဆောင်ရွက်နေဆဲဟု ပြောလိုပါကြောင်း၊ ဘဏ်လုပ်ငန်းနှင့်ပတ်သက်၍ ဘဏ်လုပ်ငန်းတစ်ချို့ ပြဿနာအခက်အခဲများကြုံတွေ့နေခြင်းကို သိရှိကြောင်း၊ ဘဏ်လုပ်ငန်းစနစ်၊ ငွေရေးကြေးရေးနှင့်ပတ်သက်၍ ဒီဇင်ဘာလခန့်တွင် ဖြေရှင်းဆောင်ရွက်ပေးနိုင်ရန် အတတ်နိုင်ဆုံး ကြိုးစားဆောင်ရွက်ပေးလျက်ရှိကြောင်း ပြန်လည်ဖြေကြားခဲ့။

ရုရှား-မြန်မာ ချစ်ကြည်ရေးပူးပေါင်းဆောင်ရွက်မှုအတွက် နှစ်နိုင်ငံကိုယ်စားလှယ်များ ဆွေးနွေးခဲ့ခြင်းများတွင်

97 Media သတင်းဌာနမှ သတင်းထောက် ဦးနန္ဒလင်း (ထားဝယ်)

ပါဝင်သည့် နည်းပညာနှင့် ရင်းနှီးမြုပ်နှံမှု ပူးပေါင်းဆောင်ရွက်နေသည့် အခြေအနေများကို သိလိုကြောင်း မေးမြန်းချက်ကို-

- **ဗိုလ်ချုပ် ဇော်မင်းထွန်းက** ရုရှား-မြန်မာ နှစ်နိုင်ငံသည် ယခင်ကတည်းက ချစ်ကြည်ရင်းနှီးခဲ့သည့် နိုင်ငံဖြစ်များကြောင်း၊ ယခင်ထက် စစ်ဘက်ဆိုင်ရာပူးပေါင်းဆောင်ရွက်မှုကဏ္ဍတွင် ပိုမိုများပြားသည့်အခြေအနေဖြစ်ကြောင်း၊ ယခုနောက်ပိုင်းတွင် ရုရှား-မြန်မာ ပူးပေါင်းဆောင်ရွက်မှုတွင် ကဏ္ဍပေါင်းစုံ ပူးပေါင်းဆောင်ရွက်ရေးကို ဆောင်ရွက်လျက်ရှိကြောင်း။
- ၂၀၁၄ ခုနှစ်၊ ဩဂုတ်လ ၂၉ ရက်နေ့တွင် နှစ်ဖက်လက်မှတ်ရေးထိုးခဲ့သည့်စာချုပ်တွင် ရုရှား-မြန်မာအစိုးရ အချင်းချင်း ကုန်သွယ်ရေးနှင့် စီးပွားရေးပူးပေါင်းရေး ဖွဲ့စည်းတည်ဆောက်မှု သဘောတူညီချက်အရ နှစ်နိုင်ငံအကြား တတိယအကြိမ် ပူးတွဲကော်မရှင်အစည်းအဝေးကို ယခုနှစ်အတွင်း မြန်မာနိုင်ငံတွင် လက်ခံကျင်းပရေး ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း။
- တတိယအကြိမ် ပူးတွဲကော်မရှင်မတိုင်မီ လက်ရှိကိုဗစ်ကာလ မြန်မာ့စီးပွားရေး ပြန်လည်ဦးမော့စေရေးစီမံချက် (MERP)ပါ လုပ်ငန်းစဉ်များအရ နှစ်နိုင်ငံအကြား ကုန်သွယ်မှု၊ ရင်းနှီးမြုပ်နှံမှုများဆောင်ရွက်နိုင်ရေးရည်ရွယ်ပြီး နှစ်ဖက်လုပ်ငန်းရှင်များပါသည့် ဆွေးနွေးပွဲကို ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၂၈ ရက်တွင် Virtual စနစ်ဖြင့် ရင်းနှီးမြုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနဝန်ကြီးဦးဆောင်၍ ရုရှားဖက်ဒေးရှင်းနိုင်ငံ သံအမတ်ကြီးနှင့် ကျင်းပပြုလုပ်ခဲ့ကြောင်း။
- အဆိုပါ ဆွေးနွေးပွဲတွင် နှစ်ဖက်ဦးစားပေး ပူးပေါင်းဆောင်ရွက်နိုင်မည့်အလားအလာများရှိပြီး နှစ်နိုင်ငံအကြား ရှေ့ဆက်ဆောင်ရွက်မည့် မဟာဗျူဟာမူကြမ်းပါ ဦးစားပေးနှင့်ကိုက်ညီသည့် လုပ်ငန်းများဖြစ်သည့် ဘဏ်နှင့်အာမခံလုပ်ငန်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ငါးလုပ်ငန်း၊ လျှပ်စစ်နှင့်စွမ်းအင်၊ စားသုံးကုန်ထုတ်လုပ်ငန်း စသည့်လုပ်ငန်းများနှင့်ပတ်သက်သည့် ကဏ္ဍအသီးသီးစပ်လျဉ်း၍ အစိုးရတာဝန်ရှိသူများ၊ ပုဂ္ဂလိကအသင်းအဖွဲ့ကုမ္ပဏီများပါဝင်ပြီး အပြန်အလှန်ဆွေးနွေးနိုင်ခဲ့ကြောင်း။
- နှစ်နိုင်ငံအကြား ကုန်သွယ်မှုနှင့် ရင်းနှီးမြုပ်နှံမှုပူးပေါင်းဆောင်ရွက်ရေး အခွင့်အလမ်းအသစ်များကို အကောင်အထည်ဖော်ဆောင်ရွက်ရေး၊ ရုရှားနိုင်ငံမှ တာဝန်ရှိသူများ

နှင့် သက်ဆိုင်ရာဝန်ကြီးဌာနများ ချိတ်ဆက်ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း၊ ရုရှားနိုင်ငံအနေဖြင့် နှစ်ဖက်နိုင်ငံအကျိုးစီးပွားဖြစ်ထွန်းစေပြီး အပြန်အလှန်စိတ်ဝင်စားမှုရှိသည့် ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းများအတွက် စီးပွားရေးဆွေးနွေးပွဲများကို မကြာမီ ဆက်လက်ကျင်းပသွားနိုင်ရေးတောင်းဆိုထားခြင်းကြောင့် မိမိတို့အနေဖြင့် ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း ပြန်လည်ဖြေကြားခဲ့။

NUG၊ PDF၊ CRPH အကြမ်းဖက်အဖွဲ့များနှင့် ဆက်စပ်မှုရှိသော လူငယ်၊ လူရွယ်များကို ၎င်းတို့၏ မိဘများက သတင်းစာများတွင် သားသမီးအဖြစ် အမွေပြတ်စွန့်လွှတ်ခြင်းဆိုသည့် ကြေညာမှုများကို ယခုလတ်တလောတွင် မကြာခဏဆိုသလို တွေ့မြင်နေရကြောင်း၊ မြန်မာနိုင်ငံ၏ တည်ဆဲဥပဒေအရ မိဘများက သားသမီးများကို အမွေပြတ်စွန့်လွှတ်ကြောင်း သတင်းစာများတွင်ကြေညာလိုက်ရုံဖြင့် အမွေဆက်ခံခွင့် ဆုံးရှုံးပြီလား၊ တရားဥပဒေအရ အကျိုးဝင်ပြီလားဆိုသည်ကို အကျယ်တဝင့် ရှင်းပြပေးစေလိုကြောင်း မေးမြန်းချက်ကို-

Myanmar Hard Talk သတင်းဌာနမှ သတင်းထောက် မခိုင်ခိုင်ထွေး

- **ဗိုလ်ချုပ် ဇော်မင်းထွန်းက** ယခုရက်ပိုင်း သတင်းစာများတွင် အမွေပြတ်ကြေညာခြင်းများ တော်တော်များများတွေ့ရကြောင်း၊ Online Media ပေါ်တွင်လည်း ထိုသို့ အမွေဖြတ်ကြေညာသည်ကို ကြိုတင်ကာကွယ်ခြင်းပုံစံဖြင့် လုပ်သည်ဟူ၍လည်း တွေ့ရကြောင်း၊ ဥပဒေကြောင်းအရ တရားမဝင်ကြောင်း၊ သတင်းစာ၌ ကြေညာရုံမျှဖြင့် အမွေဆက်ခံခွင့် လည်းမဆုံးရှုံးဟု သိရကြောင်း၊ တရားရုံးတွင် သွားနုတ်သားသမီးအဖြစ် လျှောက်ထားပြီး တရားရုံးက ဆုံးဖြတ်မှသာ တရားဝင်နိုင်သည်ဟု ဥပဒေကြောင်းအရ သိရှိရကြောင်း၊ သတင်းစာထဲတွင် ထိုသို့ထည့်ထားပြီး အကြမ်းဖက်သမားများကို တိုက်ရိုက်၊ သွယ်ဝိုက်၊ အားပေးထောက်ပံ့နေပါက လည်း သက်ဆိုင်ရာဥပဒေအရ အရေးယူဆောင်ရွက်ခြင်းခံရမည်ဖြစ်ကြောင်း။
- NUG၊ PDF၊ CRPH အကြမ်းဖက်အဖွဲ့များ၏ သွေးထိုးလှုံ့ဆော်မှုများကြောင့် ရှောင်တိမ်းသွားသူများက ကိုယ်တိုင်အဓိကကျကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် သွေးထိုးလှုံ့ဆော်မှုကြောင့် ရှောင်တိမ်းသွားသူများ၊ ထွက်သွားသူများနှင့်ပတ်သက်၍ ယေဘုယျအားဖြင့် ရာဇဝတ်များကျူးလွန်ခြင်းမရှိပါက ၎င်းတို့ ပြန်လာနိုင်ကြောင်း၊ လက်ခံနိုင်ကြောင်းကို နေ့စဉ်ကြေညာပေးနေကြောင်း၊ ဥပဒေဘောင်အတွင်းမှ ဆောင်ရွက်ခြင်းက အကောင်းဆုံးဖြစ်ကြောင်း၊ ဥပမာ ဖြိုးဇေယျာသော်တို့ လုပ်ဆောင်ခဲ့သည့် ရန်ကုန်အကြမ်းဖက်အဖွဲ့၏လက်အောက်ခံ STF အဖွဲ့တွင် လူငယ်များကို ဖောင်များဖြည့်စေ၍ ၎င်းတို့အဖွဲ့အဖြစ် သိမ်းသွင်းကြောင်း၊ သိမ်းသွင်းရာတွင် ဖောင်ဖြည့်ပြီးပါက NUG၊ PDF၊ CRPH အဖွဲ့များ၏ ခိုင်းစေချက်အတိုင်း လိုက်လံလုပ်ဆောင်ပေးရမည်ဖြစ်ကြောင်း။
- အဆိုပါ လူငယ်များ ဥပဒေဘောင်အတွင်း ပြန်ဝင်လိုသော်လည်း ထိုဖောင်ထဲတွင် မိဘအမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်များပါဝင်နေကြောင်း၊ တစ်ချို့လူငယ်များက မှားမှန်းသိ၍ ဥပဒေအရအရေးယူမခံရမီ ပြန်ဝင်ချင်ပါက ၎င်းတို့၏မိဘများကို တိုက်ရိုက်ခြိမ်းခြောက်ကြောင်း၊ စစ်ကိုင်းဘက်ရှိ တစ်ချို့ရွာများ၌ PDF အကြမ်းဖက်အဖွဲ့များက လူငယ်အကုန်လုံးကို မဖြစ်မနေ PDF ထဲသို့ဝင်ရမည်ဟု ဆွဲသွင်းပြီး မလုပ်ဘူးဆိုပါက **"မင်းနဲ့မင်းမိဘားစုကို ဒလန်အဖြစ်ကြေညာမယ်"**ဆိုပြီး လုပ်ဆောင်ခဲ့မှုများရှိကြောင်း၊ သို့သော် ကိုယ်တိုင်သာအဓိကကျကြောင်း၊ ရှောင်တိမ်းနေသူများ၊ လမ်းမှားရောက်နေသည့်သူများကိုယ်တိုင်သာဖြစ်ကြောင်း၊ ၎င်းတို့အနေဖြင့် ရာဇဝတ်မှုများကျူးလွန်ခဲ့ခြင်းမရှိပါက ပြန်လည်ဝင်ရောက်၍ရကြောင်း၊ ဥပဒေဘောင်အတွင်းမှ ဆောင်ရွက်ခြင်းကသာ အကောင်းဆုံးဖြစ်သည်ဟုပြောလိုကြောင်း ပြန်လည်ဖြေကြားခဲ့။

NUG မဟုတ်သည့် GZ၊ PDF တို့အနေဖြင့် တွေ့ဆုံညှိနှိုင်းမှု တောင်းဆိုလာခဲ့မည်ဆိုပါက မည်ကဲ့သို့လုပ်ဆောင်မည်ကို သိလိုကြောင်းမေးမြန်းချက်ကို-

- **ဗိုလ်ချုပ် ဇော်မင်းထွန်းက** မတရားအသင်းအဖြစ်၊ အကြမ်းဖက်အဖြစ် ကြေညာထားရသူများနှင့် တွေ့ဆုံဆွေးနွေးစရာအကြောင်းမရှိကြောင်း၊ အကြမ်းဖက်အဖြစ် ကြေညာခြင်းမှ

လျော့ကျသွားအောင် ၎င်းတို့လုပ်ဆောင်မှုနှင့် ပြဿနာမှာ ဖြစ်ကြောင်း၊ သို့မှသာ တွေ့ဆုံဆွေးနွေးရေးဆိုသည်မှာ ဖြစ်လာမည်ဖြစ်ကြောင်း၊ မည်သည့်နိုင်ငံမှ အကြမ်းဖက်အဖြစ်ကြေညာထားသည့်အဖွဲ့အစည်းနှင့် တွေ့ဆုံဆွေးနွေးရေး လုပ်ဆောင်ခဲ့ခြင်းမရှိကြောင်း။

- တွေ့ဆုံဆွေးနွေးရေးလမ်းကြောင်းဆိုသည်မှာ EAO ကဲ့သို့ သမိုင်းကြောင်းအစဉ်အလာနှင့်ဖြစ်လာသည့် လက်နက်ကိုင်များနှင့် တွေ့ဆုံဆွေးနွေးရန် ဖြစ်နိုင်သော်လည်း လတ်တလောဖြစ်ပေါ်နေသည့်အခြေအနေအပေါ် အခွင့်ကောင်းယူပြီး နိုင်ငံတော်ကို နှောင့်ယှက်ဖျက်ဆီးနေသူများနှင့် တွေ့ဆုံဆွေးနွေးစရာ အကြောင်းမရှိကြောင်း ပြန်လည်ဖြေကြားခဲ့။

သတင်းစာရှင်းလင်းပွဲအပြည့်အစုံအား Myawady Web-portal (www.myawady.net.mm) နှင့် (www.moi.gov.mm) တွင် ဝင်ရောက်ဖတ်ရှုနိုင်ပါသည်။

(မြဝတီသတင်းစာ ၃-၁၂-၂၀၂၁)

- **လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနကလည်း ပန်းခင်းစီမံချက်ဖြင့် မှတ်ပုံတင်များအမြန်ရရှိစေရေး ဆောင်ရွက်လျက်ရှိ။**
- **PR စနစ်တွင် မဲများကိုအချိုးကျရရှိမည်ဖြစ်ပြီး မဲများမဆုံးရှုံးသဖြင့် တိုင်းရင်းသားဒေသများနှင့် အားလုံးအတွက် အကျိုးများမည်ဖြစ်။**
- **ဘဏ်လုပ်ငန်းစနစ်၊ ငွေရေးကြေးရေးနှင့်ပတ်သက်၍ ဒီဇင်ဘာလခန့်တွင် ဖြေရှင်းဆောင်ရွက်ပေးနိုင်ရန် အတတ်နိုင်ဆုံး ကြိုးစားဆောင်ရွက်ပေးလျက်ရှိ။**
- **ရုရှား-မြန်မာ အစိုးရအချင်းချင်း ကုန်သွယ်ရေးနှင့် စီးပွားရေးပူးပေါင်းရေး ဖွဲ့စည်းတည်ဆောက်မှု သဘောတူညီချက်အရ နှစ်နိုင်ငံအကြား တတိယအကြိမ် ပူးတွဲကော်မရှင်အစည်းအဝေးကို ယခုနှစ်အတွင်း မြန်မာနိုင်ငံတွင် လက်ခံကျင်းပရေး ညှိနှိုင်းဆောင်ရွက်လျက်ရှိ။**
- **EAO ကဲ့သို့ သမိုင်းကြောင်းအစဉ်အလာနှင့် ဖြစ်လာသည့် လက်နက်ကိုင်များနှင့် တွေ့ဆုံဆွေးနွေးရန် ဖြစ်နိုင်သော်လည်း လတ်တလောဖြစ်ပေါ်နေသည့်အခြေအနေအပေါ် အခွင့်ကောင်းယူပြီး နိုင်ငံတော်ကို နှောင့်ယှက်ဖျက်ဆီးနေသူများနှင့် တွေ့ဆုံဆွေးနွေးစရာအကြောင်းမရှိ။**